# သင့်ကလေးအား သူတို့ရဲ့မသန်စွမ်းမှုအကြောင်း ဘယ်လိုပြောမလဲ

အားသာချက်များ၊ စွမ်းရည်များ၊ စိတ်ဝင်စားမှုများနှင့် တန်ဖိုးထားမှုများတွင် အားကောင်းခိုင်မာစွာ နားလည်သိရှိခြင်းသည် သင်ကိုယ့်ကိုယ်ကိုထောက်ခံအားပေးရန်အတွက် အဓိကအပိုင်းများဖြစ်သည်။ ၎င်းတို့၏ မသန်စွမ်းမှုဟာ ၎င်းတို့ရဲ့လုပ်ငန်းခွင်မှာ၊ ရပ်ရွာလူထုအတွင်း သို့မဟုတ် သူတို့ရဲ့ပညာရေးကို ဘယ်လိုသက်ရောက်နိုင်လဲဆိုတာအပေါ် လူငယ်တစ်ဦး၏ နားလည်သဘောပေါက်မှုသည် ဤလုပ်ငန်းစဉ်၏ အရေးပါသော အပိုင်းဖြစ်သည်။

မသန်စွမ်းသူများဆိုင်ရာ ပညာရေးဥပဒေ(IDEA) အရ၊ မိဘများသည် ၎င်းတို့သားသမီးအတွက် ထောက်ခံအားပေးရာတွင် ခိုင်မာသောအခန်းကဏ္ဍမှပါဝင်ပါသည်၊ သို့သော် အမေရိကန်မသန်စွမ်းသူများဆိုင်ရာ ဥပဒေ(ADA) အရ၊ လူငယ်တစ်ဦးသည် အထက်တန်းကျောင်းပြီးနောက် သူတို့ကိုယ်တိုင်အတွက် ကိုယ်တိုင်ဖော်ထုတ်ပြီး ထောက်ခံအားပေးရမည် ဖြစ်သည်။

ဤသည်မှာ သင့်ကလေးနှင့် စကားပြောရန်အတွက် အကြံပြုချက်အချို့ဖြစ်ပါသည်။

- စောစီးစွာစတင်ပြီး အချိန်ကြာလာသည်နှင့်အမျှ တစ်ကြိမ်ထက်ပို၍ စကားပြောဆိုပါ။
- ရိုးသားပွင့်လင်းပါ၊ ထောက်ခံအားပေးပါ၊ ပြီးတော့ ပြတ်သားပါ။
- သင့်ကလေး၏ မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို နားထောင်ပေးပါ။
- ဆေးဝါးကုသမှုဆိုင်ရာ သို့မဟုတ် ဆေးပညာဆိုင်ရာ ဝေါဟာရများ ရှင်းလင်း လွယ်ကူပါစေ။
- သင့်ကလေး နားလည်နိုင်ရန် အထောက်အကူဖြစ်စေမည့် စကားလုံးများနှင့် စကားရပ်များကို အသုံးပြုပါ။
- ၎င်းတို့၏ အားသာချက်များအကြောင်း ပြောပါ၊ သူတို့ ဘယ်အရာမှာထူးချွန်ကြောင်းနှင့် သူတို့ ဘာတွေပံ့ပိုးမှုလိုသလဲ။ လူတိုင်း၊ သင်ကိုယ်တိုင်အပါအဝင်၊ လိုအပ်ချက်များရှိပြီး အချို့သောပုံစံ သို့မဟုတ် အခြားနည်းဖြင့် ထောက်ခံအားပေးရမည်။ ဤအတွေ့အကြုံတွင် သူတို့ဟာ တစ်ဦးတည်းမဟုတ်ပါ။
- ကူညီပံ့ပိုးမှုလိုအပ်နေသည့် နယ်ပယ်များတွင် သူ/သူမအား ကူညီပေးနိုင်မည့် မဟာဗျူဟာများနှင့် ကူညီပံ့ပိုးမှုများအကြောင်း ဆွေးနွေးပြောဆိုပါ။ ထို့နောက်၊ ၎င်းတို့ကိုယ်တိုင် ထောက်ခံအားပေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း စွမ်းရည်များကို လေ့ကျင့်ရန် သင့်ကလေးကို ကူညီဖို့ စာသင်ခန်းထဲတွင်၊ အိမ်တွင်နှင့် ရပ်ရွာလူထုအတွင်း အခွင့်အလမ်းများကို အသုံးပြုပါ။

# သင့်ကလေးအား သူတို့ရဲ့မသန်စွမ်းမှုအကြောင်း ဘယ်လိုပြောမလဲ

ဤသည်မှာ သင့်ကလေးအား ကျောင်းတွင် မိမိကိုယ်တိုင်ထောက်ခံအားပေးခြင်း စွမ်းရည်များ လေ့ကျင့်ရန် ကူညီဖို့ အစပြုဝါကျအချို့ဖြစ်သည်။

- ကျွန်ုပ်၏ အမျိုးအစား (သို့မဟုတ် မသန်စွမ်းမှု) သည်...
- ဆိုလိုသည်မှာ ကျွန်ုပ် အဲ့တာနဲ့ပတ်သက်၍ အကူအညီလိုအပ်သည်...
- ကူညီပံ့ပိုးမှုလိုအပ်သော ကျွန်ုပ်၏ အားသာချက်များ/နယ်ပယ်များ အချို့မှာ...
- စာသင်ခန်းတွင်၊ ကျွန်ုပ် အဲ့တာနဲ့ပတ်သက်၍ အကူအညီလိုအပ်သည်...
- ကျွန်ုပ်၏ ရေတို/ရေရှည် ရည်မှန်းချက်ပန်းတိုင်များမှာ...
- ထိုအရာအတွက် ကျွန်ုပ်၏ ဆရာများ ကျွန်ုပ်ကို ကူညီပေးနိုင်မည့် နည်းလမ်းအချို့မှာ...
- ထိုရည်မှန်းချက်ပန်းတိုင်များကို ...တွင် ကျွန်ုပ် ရရှိနိုင်တော့မည်...
- ကျွန်ုပ်ကို ကူညီပံ့ပိုးပေးသူများမှာ...
- ထို့နောက် သူတို့က ကျွန်ုပ်၏ ရည်မှန်းချက်ပန်းတိုင်များ ...တွင် ရရှိနိုင်အောင် ကူညီပေးလိမ့်မည်
- ကျွန်ုပ်လိုအပ်သည့် ပံ့ပိုးကူညီမှုရရှိကြောင်း သေချာစေရန် ကျွန်ုပ်လုပ်ဆောင်မည့် အချို့အရာများမှာ...

PARENT NETWORK OF WESTERN NEW YORK

www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

IDEAs that Work
U.S. Office of Special Education Programs

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို သေချာပေါက် ကိုယ်စားမပြုပါ။ ထို့အပြင် သင့်အနေဖြင့် ဗဟိုအစိုးရ အတည်ပြုချက်ဖြစ်သည်ဟု မယူဆသင့်ပါ။ စီမံကိန်းအရာရှိ Carmen Sanchez။